MLA က မှတ်သားစရာတခုခု ပြောပါဆိုတော့၊ ဖြုန်းခနဲ ဆရာ ဘာပြောရမှန်းမသိဘူး။ နောက်မှ ဆရာဖြတ်သန်းခဲ့တဲ့ စာကြည့်တိုက်မှူးခရီးကို အခြေခံပြောဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဘယ်ပညာရပ်ဖြစ်ဖြစ် အမြဲတိုးတက်ပြောင်းလဲနေတာမို့၊ ဆရာတို့ စာကြည့်တိုက်ပညာရပ်သင်ကြားခဲ့ရတုန်းက သင်ရိုးတွေနဲ့ ဒီကနေ့ သင်ရိုးတွေ အများကြီးပြောင်းလဲသွားပါပြီ။ စာကြည့်တိုက်ပညာရပ်ရဲ့ အဓိက မေဂျာ ၄ ဘာသာအပြင်၊ ကွန်ပျူတာနဲ့နည်းပညာဟာ မတတ်မဖြစ်သင်ယူရတဲ့ ဘာသာရပ်အဖြစ် စာကြည့်တိုက်ပညာထဲမှာ ပါဝင်လာပါပြီ။

ဟိုတုန်းက သမားရိုးကျလုပ်ကိုင်လာတဲ့ စာကြည့်တိုက်လုပ်ငန်းတွေကို ကွန်ပျူတာနဲ့ နည်းပညာသုံးပြီး အလုပ်လုပ်ရတဲ့ခေတ်ဖြစ်လာပေမဲ့၊ ကွန်ပျူတာထဲကို စာအုပ်စာတမ်းနဲ့ ပညာရပ်ဆိုင်ရာ အချက်အလက်တွေကို စာကြည့်တိုက်မှူးတွေကပဲ ထည့်သွင်းပေးတာ ဖြစ်ပါတယ်။ ဒါကြောင့် စာကြည့်တိုက်မှူးတွေအနေနဲ့ ကွန်ပျူတာခလုတ်နှိပ်ရှာဖွေလိုက်ရင်လိုအပ်တဲ့အကြောင်းအချက်အလက်အကုန်ရတယ်လို့ စက်ကို ပုံအားကိုးတာ မျိုး မဟုတ်ဘဲ၊ စာဖတ်နာသူဖြစ်ဖို့လိုပါတယ်။

စာကြည့်တိုက်မှူးတွေဟာ သုတ - ရသ စာပေအားလုံးကို လက်လှမ်းမှီသလောက် ဖတ်ရှုကြ ဖို့ လိုပါတယ်။ ဒီလိုဖတ်ရှုထားတာဟာ မိမိအကျိုးသာမက၊ စာဖတ်သူအကျိုးပါ ဖတ်ရှုခြင်းမည်ပါတယ်။ စာတမ်းရေးမယ့်သူ၊ အကြောင်းအရာကိုသာသိပြီး ဒီအကြောင်း အရာ ဘယ်စာအုပ်ထဲပါမှန်း မသိတဲ့ စာဖတ်သူ (user) တွေနဲ့ ကြုံလာရင်၊ စာအုပ် စာပေတွေ ဖတ်ထားမှသာ သူတို့ကို ဘယ်စာအုပ်ဖတ်ရှု ကိုးကားသင့်ကြောင်း စာကြည့်တိုက်မှူးက လမ်းညွှန်နိုင်မှာဖြစ်ပါတယ်။

ဒီကနေ့ခေတ်ကို နည်းပညာခေတ်လို့ပြောနေကြပေမဲ့၊ တကမ္ဘာလုံးမှာ နေ့စဉ် ပညာရပ် အမျိုးပေါင်းများစွာ ပေါ်ထွက်နေပါတယ်။ စာကြည့်တိုက်မှူးတွေအနေနဲ့ မြန်မာစာပေ၊ ကမ္ဘာ့စာပေတွေနဲ့ နေ့စဉ်တိုးတက်ပြောင်းလဲနေတဲ့ သိပ္ပံ၊ ဝိဇ္ဇာဘာသာရပ်တွေကို

မျက်ခြည်မပြတ်လေ့လာသိရှိ ဖတ်ရှုဖို့လိုပါတယ်။ ကမ္ဘာ့စာပေနဲ့ သိပ္ပံ၊ ဝိဇ္ဇာဘာသာရပ်တွေကို လက်လှမ်းမှီ ဖတ်ရှုနိုင်ဖို့ စာကြည့်တိုက်မှူးတွေမှာ ထိုက်သင့်တဲ့ အင်္ဂလိပ်စာတတ်ကျွမ်းဖို့ လိုအပ်ပါတယ်။ ဘာသာစကား တမျိုးထက်မက တတ်ကျွမ်းရင် ပိုကောင်းပေပါတယ်။ အဓိကအနေနဲ့ အင်္ဂလိပ်စာနဲ့ စကားကို ပြောနိုင် ဖတ်နိုင်တဲ့အဆင့်ရှိဖို့ ကြိုးစားအားထုတ်ကြရပါမယ်။

စာကြည့်တိုက်မှူးဟာ မိမိစာကြည့်တိုက်အတွက် သင့်တော်တဲ့စာအုပ်ရွေးချယ်ဖို့၊ စာဖတ်သူတွေကို ကူညီနိုင်ဖို့ ကိုယ်ကိုယ်တိုင်က ကနဦးလေ့လာဖတ်ရှုထားရပါတယ်။ အခုပြောခဲ့တဲ့ အချက်တွေအပြင် စာကြည့်တိုက်မှူးကောင်းတယောက်ဖြစ်ဖို့ အဓိက လိုအပ်ချက်က စိတ်စေတနာကောင်းဖြစ်ပါတယ်။ စာဖတ်သူအားလုံးအပေါ် ခွဲခြားဆက်ဆံမှုမရှိဘဲ၊ တပြေးညီ စိတ်စေတနာကောင်းနဲ့ထားပြီး ဝန်ဆောင်မှုပေးကြရင် စာကြည့်တိုက်မှူးတယောက်ရဲ့ တန်ဖိုးနဲ့ သိက္ခာအလွန်မြင့်မားပါတယ်လို့ ပြောရင်း ဆရာ့စကားကို နိဂုံးချုပ်ပါတယ်။

CamScanner